

## အကြည်တော်

# တစ်ခါက ... ငယ်ငယ်လေးတွေ

ကိုဇော်ဆိုတာ ကလေးဗိုလ်. . .။

အတန်းကငါးတန်းရှိပြီ. . . ။ အမှန်ဆိုဒီအရွယ်ဟာ လူကြီးဖြစ်နေမယ် . . . ။ ဒါပေမဲ့ . . . သူကလူကြီးဖြစ်မလာဘူး . .။ ကလေးတွေကိုသာ ဗိုလ်လုပ်ရတဲ့ ကလေးဗိုလ်ပဲဖြစ်လာတယ်..။ သူ့လက်အောက်မှာ သူ့လက်ထောက်ကျော်ကျော်၊ မင်းမင်းဆိုတဲ့ အမြွှာနှစ်ယောက်ရှိသေးတယ် . . .။ ကျော်ကျော်၊ မင်းမင်းဆိုတာလည်း အသက်သာနည်းနည်းလေးကြီးတာ လူတွေက'ဂျပ်ပစ်'တွေ . .။ (ကျွန်တော်တို့ အခေါ်အဝေါ်နဲ့ သေးသေးလေးတွေလို့ ပြောတာပါ. . .) ဘယ်လောက်ထိ အကောင်သေးသလဲဆိုရင်အားလုံးက သူတို့ ညီအစ်ကိုနှစ်ယောက်ကိုလူနမူနာ ညီအစ်ကိုလို့ ခေါ်တယ်. . .။

"လူနမူနာဆိုတာရောသိလား. . .မသိရင်ရှင်းပြမယ်"

တခြားကမ္ဘာတစ်ခုနဲ့ ၊ ကျွန်တော်တို့ ကမ္ဘာအဆက်သွယ်ရတဲ့ အခါ အဲဒီတခြားကမ္ဘာကလူဆိုတာ ဘယ်လိုလူမျိုးလဲလို့ မေးလာခဲ့သော် သူတို့ ညီအစ်ကိုနှစ်ယောက်ကိုပါဆယ်ထုပ်ပြီး . . .

"လူနမူနာလူဆိုတာ ဒီလိုအကောင်မျိုးပါ . . .ဒါပေမဲ့ ဒီထက်တော့အကောင်အများကြီး ကြီးပါတယ်ဆိုပြီး နမူနာပို့လို့ ရတဲ့ ပုံမျိုးတွေ . . ."

နှစ်ယောက်လုံးက လူပီသတဲ့ အချိုးအဆက် အပြည့်အစုံပါတယ်။ ဒါပေမဲ့ ပုံမှန်ဆိုဒ်တစ်ခု မှ မပါဘူး။ အားလုံးဆိုဒ်သေးတွေ။ ဒါကြောင့် သူ

တို့ ညီအစ်ကိုကို လူနမူနာလို့ ခေါ်ကြတာ။

အဲ. . .နောက်ပြီး အေးသောင်း၊ အေးစမ်းဆိုတဲ့ ညီအစ်ကိုနှစ်ယောက် ရှိသေးတယ်။ သူတို့ အဖေကဦးမောင်သောင်း။ အားလုံးက အဲဒီဦးမောင် သောင်းကို မောင်းကွဲမောင်သောင်းလို့ ခေါ်တယ်။ အသံကျယ်လို့ မဟုတ် ဘူး ။ သူ့ဆီသတင်းတစ်ပုဒ်ရောက်သွားရင် မောင်းထုတာထက်တောင် လူသိများ လို့ ။ ဒါကြောင့် သူ့သားနှစ်ယောက်ဖြစ်တဲ့ အေးသောင်းနဲ့ အေးစမ်းလည်း အော်တိုလင်းကွင်းနဲ့ ကြေးစည်လို့ ခေါ်ကြတယ်။

သူတို့ အဖွဲ့မှာ ကိုဇော်ဆိုတဲ့ ငါးတန်းကျောင်းသား ကလေးဗိုလ်ကစပြီး ဦးခွေးကောင်သား ကြက်ပုဆိုတဲ့ လေးနှစ်သားအ ထိဆယ့်ငါးယောက်လောက်ရှိတယ်။ အားလုံးလူစုံလို့ ကတော့ ကား တား ကားတားနေတာ။

နောက် ကျွန်တော့်တို့ အဖွဲ့ရှိသေးတယ်။ ကျွန်တော့်အဖွဲ့မှာ လည်း အရွယ်စုံဆယ့်ငါးယောက် လောက်ရှိတယ်။ ကျွန်တော့်ထက်ကြီးတဲ့ ဆိ တ်ပုဆိုတာ တစ်ယောက်ပါတယ်။ သူကငါးတန်းနှစ်နှစ် ကျပြီးသား။ ဒီ ဆိတ်ပုနဲ့ ကိုဇော်တို့ အဖွဲ့က ကြက်ပုနဲ့ ဆိုရင်ညီအစ်ကိုအရင်းတွေ။

တစ်ခုဖြတ်ပြောပါရစေ၊ ကျွန်တော်တို့ ရွာက နာမည်မှ ညွှ့ပုံပြောပါ တယ်။

ကလေးတွေရဲ့ နာမည်ကို ရွာကလူတွေကပဲ ပေးကြပါတယ်။ ဥပမာပြောရရင်ဗျာ။ ခုနဦးခွေးကောင် သားတွေပဲကြည့်။ အဖေနာမည် ကခွေးကောင်တဲ့ ။သူ့သားတွေကျတော့ သူတောင်နာမည်ပေးစရာမလို ဘူး။ ခွေးပု၊ ဝက်ပု၊ ဆိတ်ပု၊ လိပ်ပု၊ ကြက်ပုစသည် ဖြင့် ရွာကပဲ နာမည် ပေးကြတယ်။

မှတ်ရတော့အလွယ်သား. . .၊ ရွာမှာ တိရိစ္ဆာန်မျိုးရိုးဆိုပြီးပြီ။သူတို့ ပဲ

။

နောက်. . .ရှိသေးတယ်။ ပိုက်ဆံမျိုးရိုး။ အဲဒီလူကြီးနာမည်ကတော့ ဘာရယ်မမှတ်မိတော့ဘူး။ ရွာကတော့ သူကိုဦးကုဋ္ဌေကြွယ်ဆိုပြီး ခေါ်ကြတယ်။ ဘာလို့ လဲဆိုတော့ သူ့သားအကြီးကောင် ကိုသိန်းတန်လို့ နာမည်ပေးရာကစပြီး သူတို့ မျိုးရိုးက ပိုက်ဆံမျိုးဆိုပြီး နာမည်ကြီးလာ လို့ လေ။ သိန်းတန်ရဲ့ နောက်ကလေးတွေနာမည်ကို ရွာကပဲဆက်ပေးကြတယ်။ သိန်းတန်ညီ ကိုသောင်းတန်၊ သောင်းတန် အောက်ကကောင် ကိုထောင်တန်၊ ထောင်တန်အောက်ကရာတန်၊ ရာတ န်အောက်က ကောင်ကကျပ်တန်တဲ့ ။ အဲ. . .ထူးထူးခြားခြား နောက်ဆုံး ကလေးကျမှ သမီးလေးမွေးချလာရော။ ဒါပေမဲ့ ရတယ်၊ မပူနဲ့ ။ အဲဒီ ကောင်မလေးကို ရွာကပဲနာမည်ပေးကြတယ်။

'အကြွေ'တဲ့ . . .။ မလှလား။ လူကလည်း လှတယ်။ မျက်လုံးပြူးပြူး၊ သွားကျိုးကျိုးလေး။ ရယ်လိုက်ရင်များ နှုတ်ခမ်းကိုလန်လန်တက်သွား တာ။ ဂျီးပေလေး။

ထားဦး. . .။ ကလေးတွေ အကြောင်းဆက်ပြောရအောင်။ ကျွန်တော် ကပါအဖွဲ့တစ်ဖွဲ့ဖွဲ့တော့ ကျွန်တော့်ညီမောင်မောင်ကလည်း ဘယ်နေလိ မ့်မလဲ။ သူလည်း အားကျမခံအဖွဲ့တစ်ဖွဲ့တည်း ထောင်တယ်။

သူကအဲဒီတုန်းကဘာရှိဦးမှာ လဲ၊ နှစ်တန်းတောင်ဖျစ်ဖျစ်မြည်အော င်တက်နေရတုန်း။ အသက်က(၇)နှစ်။ သူ့အဖွဲ့မှာ လည်း ကလေး လူကြီး(သူ့ထက်ကြီးတာပေါ့)ဆယ့်ငါးယောက်လောက်ပါတာပဲ။ သူ့အဖွဲ့ မှာ က အမာခံအနေနဲ့ ဦးခြောက်ဆယ်သားကရင်ပါတယ်။ ကရင် ဆို တာက သက်ကြီးပု။ ဆိုဒ်က ကလေးဆိုဒ်။ စိတ်ကလည်း ကလေးစိတ်။ ဒါပေမဲ့. . .အသက်က ဆယ့်ခြောက်နှစ်လောက်ရှိနေပြီ။ နောက်ပြီးသူက

ဘုန်းကြီးကျောင်းသား။ ဟင်းပေါင်းတွေတုတ်ပြီးဝဖိုးနေတာ။ အားကျစရာကြီး။ကျွန်တော်တို့ ကလေးတွေဆိုရင် သူ့ကိုသိပ်ပြီး အားကျတာ။

နောက်. . .အဲဒီကရင်ကသိပ်လှျို့ဝှက်တာ။နှုတ်ကလည်း ရှယ် လုံတယ်။ ဘယ်လောက်ထိလုံ တယ်။ ဘယ်လောက်ထိလုံလဲဆိုပြောပြမယ်။

အဲဒီကရင်ဆိုတဲ့ အကောင်က ငယ်ငယ်ရွယ်ရွယ်နဲ့ ယောက်ျားတွေဖြစ်တတ်တဲ့ အူကျရောဂါရှိ တယ်။ အဲဒီအတွက်လည်း သူက အမြဲစိတ်မကောင်းဖြစ်ပြီးမှိုင်နေတာ။ သူထိုင်မှိုင်နေတတ်တဲ့ နေရာ ကဘုန်းကြီးကျောင်းရှေ့က ဘီလူးရုပ်ကြီးရှေ့မှာ ။ ဖြတ်သွားဖြတ်လာများက အဲဒီ ဘီလူးဆောင့်ကြောင့်ရုပ်ရှေ့မှာ ဆောင့်ကြောင့်ထိုင်မှ ိုင်နေတဲ့ သူ့ကိုတွေ့ရင်. . .

"ဟေ့. . .ကရင်. . .မင်းဘာဖြစ်လို့ ထိုင်မှိုင်နေလဲ. . ."

သူကခေါင်းကို ဖြည်းညင်းစွာခါပြီး. . .

"မပြောချင်ပါဘူး အရီးလေးရာ. . .ဟောဒီမှာ ကြည့်စမ်းပါဦး. . ."

ဆိုပြီး. . .သူဖြစ်နေတဲ့ ရောဂါကိုပြတယ်။ ဒါကို လူတွေက. . .

"နင်ဆရာဝန်မပြဘူးလားဆိုရင်. . ."

"ဆရာဝန်ပြရမှာ ကြောက်လို့ ". . .တဲ့ . . .ကဲ. . .နောက်တစ်ယောက်လာရင် အဲဒီလိုပဲ။

"ဒီမှာ ကြည့်စမ်းပါဦးဗျာ. . ."

ဆိုပြီးထုတ်ထုတ်ပြတာ။ အဲဒီလူက. .

"ဟဲ့. . .ဆရာဝန်သွားပြပါလား"ဆိုရင်သူ့အဖြေကတစ်မျိုးတည်းပဲ. .
.

“ဆရာဝန်ပြရမှာ ရှက်လို့ ပဲ. . .”

ဒါကြောင့် သူ့ရောဂါကိုတစ်ရွာလုံးသိတယ်။တစ်ရွာလုံးလူစေ့ သူက ပြထားဖူးတာကိုး။ အဲ. . မသိတဲ့ လူဆိုလို့ တစ်ရွာလုံးမှာ တစ်ယောက်ပဲ ကျန်တယ်။ အဲဒီလူက ဆရာဝန်ပဲလေ။

အဲဒီလောက်ထိန့ုတ်လုံတာ အခုတော့အဆင်ပြေသွားပါပြီ။ ဒါကလ ည်း ရွာကပဲကူညီလိုက် တာ။

ခက်ခက်ခဲခဲလည်း မဟုတ်ပါဘူး။ တစ်ရွာလုံးစုပြီး သူ့ကိုဆရာဝန်ဆီ ခေါ်သွားပေးကြတာ။ အဲ. . .ဆရာဝန်ကုလိုက်လို့ ကောင်းသွား တာတော့ မဟုတ်ဘူး ။ ဆရာဝန်နဲ့ မတွေခင် ခုံမှာ ထိုင်နေတုန်း ဆေးထိုးအပ်မြင် တာနဲ့ ကြောက်အားလန့် အားနဲ့ ရုတ်တရက်ထလိုက်တာ ခုံညှပ်ပြီး ပြု တ်ကျသွားလို့ ။ အဲဒီတည်းက ဘာရောဂါမှ မရှိတော့ဘူး။ ကောင်းသွား ရော။

အဲဒီတည်းက ကရင်ဖင်ပေါ့သွားတော့တာ။ အဲဒါနဲ့ ပဲကျွန်တော့် ညီ မောင်မောင်ရဲ့ လက်စွဲဖြစ် နေတာပေါ့။

နောက်ပြီး. . .ဒီလိုကလေးအဖွဲ့တွေကွဲရခြင်း အဓိကတရားခံထဲမှာ အဲဒီကရင်ဆိုတဲ့ ကောင် လည်း ပါတယ်။

ဖြစ်ပုံကဒီလိုဗျ။ အဲဒီကရင်နဲ့ ကလေးဗိုလ်ကိုဇော်အဖွဲ့က လူနမူနာ အမြွှာညီအစ်ကိုနှစ်ကောင် တခြားဘုန်းကြီးကျောင်းတစ်ကျောင်းက ငှ က်ပျောသီးတစ်ခိုင် သွားဝင်ခိုးလာတာကစပြီးပြဿနာ တက်တော့တာ ပါပဲ။

ကရင်နဲ့ လူနမူနာညီအစ်ကိုနှစ်ယောက် ဘုန်းကြီးကျောင်းက ငှက် ပျောသီးတစ်ခိုင် ခိုးလာသည့်သတင်းက ကလေးလောကကို ပျံ့နှံ့သွား

စေ၏။ ကြားရသည့်သတင်းက သွားရည်ကျစရာ။ အခိုင်မှာ ငှက်ပျော သီးအဖီးပေါင်း ဆယ့်နှစ်ဖီးလောက် ပါတဲ့ အပြင်၊ တစ်ဖီးမှာ အသီးဆယ့် ရှစ်လုံးနဲ့ နှစ်ဆယ့်သုံးလုံး ကြားပါသတဲ့ ။နောက်. . .ငှက်ပျောသီးက ရခို င်ငှက်ပျော။ ငှက်ပျောခိုင်ကစိမ်းနေ သေးလို့ စားလို့ မရသေးဘူးတဲ့ ။ ဒါကြောင့် လုံခြုံစိတ်ချရသည့် နေရာမှာ ဖွက်ထားကြသည် တဲ့ ။ နောက် . . .သုံးဦးသဘောတူဖွက်အိုင်တစ်ခုက ရေတစ်ခွက် အုန်းမှုတ်ခွက်နဲ့ ခပ်ပြီး သစ္စာရေသောက် ပြီး ဖွက်ထားသည့်နေရာကို ဖွင့်မပြောရဲအောင် ကျိန်ဆိုခဲ့ကြသည် ဆိုပဲ။

ဒါပေမဲ့ သိပ်မကြာလိုက်ဘူး။ လူနမူနာညီအစ်ကိုက ကိုဇော်နဲ့ ပေါင်းပြီး ထိုက်ငှက်ပျောခိုင် ကိုဖော်ပြီး တခြားနေရာ ပြောင်းပြီးဖွက်လို က်တော့တာပဲ။

***

လူနမူနာ ညီအစ်ကိုသစ္စာဖောက်ပြီ. . .”

လူနမူနာညီအစ်ကို၏ လုပ်ရပ်ကမူလအပေါင်းအသင်းဖြစ်သောကရ င်၏ အသည်းကို တဆတ်ဆတ်နာကျင်သွားစေသည် ။ မှန်၏။ အသည်း နာမည်ဆိုလည်း နာစရာပဲ . . .။

အမှန်ဆို ထိုငှက်ပျောခိုင်ဝင်ခိုးတုန်းက ဒီငတိနှစ်ယောက်ဆရာ တော့်လေးသီးကြောက်ပြီး ကျောင်းအပြင်ကနေ ကုပ်ချောင်းချောင်းနဲ့ စောင့်နေကြတာ။ အခုငှက်ပျောခိုင်လည်း ရရော သူတို့ လက်ရင်းဆရာ ကလေး ဗိုလ်ကိုဇော်အားကိုးနဲ့ ကရင်တစ်ယောက်တည်းကိုပပြီး သုံး ယောက်ပေါင်း ပြန် ခိုးသွားသည် မဟုတ်ပါလား။ ဒါကို ကရင်က အသ ည်းနာ၏။

“တောက် . . .အရေးတော်ပုံပေါ်ပေါက်တုန်းက တက်ညီလက်ညီနဲ့ သေအတူရှင်မကွာဆင်နွှဲခဲ့ ရင် ငါဒီလောက် အသည်းမနာပါဘူးကွာ. . . အခုတော့. . .တောက်. .စားရခါနီးမှ သစ္စာဖောက်သွားတာတော့ ဒီကောင်တွေလွန်လွန်းတယ်. . .တစ်ဖက်သတ်ကြီးကျောသွားတာ. . .ငါ့အသည်းကို ငှက်ပျောသီးနဲ့ ဖိထိုးနေသလိုပဲ. .အိစိအိစိနဲ့ ပိနေတာ. . .”

ကရင်က ကျိတ်မနိုင်ခဲမရနှင့် သူတို့ ၏ အဖွဲ့ခေါင်းဆောင်မောင်မောင့်ကို တိုင်၏။ မောင်မောင်က သူ၏ ခြေမျက်စိလောက်ထိဖုံးနေသော လူကြီးဝတ်မြင်းခေါင်းစွပ်ကျယ်ကို မတင်ရင်း. . .

“ဒီလူနမူနာညီအစ်ကိုနှစ်ယောက်ကို အစကတည်းက ကလယ် မှန်းသိပါရဲ့ ကရင်ရယ်. . .”

“ကလယ်ချင်းကလယ်ရင်လည်း တခြားသူကလယ်ပေါ့ကွ။ ငါလိုဟင်းပေါင်းတုတ်ပြီး ဝဖီးနေတဲ့ သူမျိုးကိုတော့ မကလယ်သင့်ဘူး။ တောက်. . .ဒီညီအစ်ကို ဟင်းပေါင်းလက်သီးမြည်းချင်နေပြီနဲ့ တူတယ်”

သူ့စကားက ဘာမှ မဆိုင်ပေမယ့် အားလုံးနားလည်ကြသည် ။

“တော်ပါကရင်ရာ. . . အခုဟာက လက်ရုံးချင်းယှဉ်စရာမလိုပါဘူးကွာ. . .အဓိကဒီငှက်ပျောခိုင်ကို လက်ဝယ်ပိုင်ပိုင် စိမ်ပြေနပြေထိုင် စားရေးကိုပဲ ဦးတည်ရမယ်. . ဒါမှ ကရင့်ရင်မှာ စိုက်နေတဲ့ ငှက်ပျာသီး ဒီကောင်တွေရင်ဘတ်ထဲပြန်ဝင်သွားမှာ . . ရင်ကိုမှန်သောငှက်ပျောသီးများ ပေါ့ကွာ. . .”

“အဲဒီတော့ဘယ်လိုလုပ်မလဲ. . .”

ကရင်က စောင်အထူနှင့်ချုပ်ထားသော လုံချည်ကိုခါးတောင်းကျိုက်

ရင်းမေးသည် ။ ဒါကို မောင်မောင်က အပြင်သို့ကောက်ထွက်နေသော သူ့မေးစေ့ကို လက်ညှိုးနှင့်လက်မဖြင့် ဖိကိုင်လိုက်ပြီး.

“မလောစမ်းပါနဲ့ . . .ငါကြံပါ့မယ်ကွာ. . .”

ကရင်ဘာမှ ပြန်မပြောဘူး။ ပြောစရာလည်း မလိုဘူးလေ။ မောင်မောင်ကြံရင် ဟန်ပြီဆိုတာ သူသိတာကိုး။

“ဒီငှက်ပျောခိုင် ငါတို့ အဖွဲ့သားတွေပဲစားရမယ်. . .”

သူတို့ ရဲ့ သန္နိဋ္ဌာန်. . .။

***

လူနမူနာ ညီအစ်ကိုနှစ်ယောက်ထဲက အငယ်ကောင်ဖြစ်တဲ့ မင်းမင်းတစ်ယောက်တည်း ရွာလယ်ကုက္ကိုပင် အောက်မှာ ထိုင်နေတယ်။ သူ့ပါးစောင်ထဲမှာ လည်း ထမင်းစားတုန်းက စားမပစ်ဘဲ ငုံထားတဲ့ ကြာကက်ခြေထောက်ရိုးတစ်ခုရှိနေတယ်။ ဒါက သူ့အထာနဲ့ သူ။ လာသမျှလူကို သူတို့ အိမ်မှာ ကြက်သားချက်ကြောင်း အဲဒီခြေထောက်ရိုးပြပြီးကြွားမလို့ ။

ဒါကြောင့်စားမပစ်ဘဲငုံထားတာ။ သူက လူတွေသူ့ကို သူဌေးသားလို့ထင်သွားရင် သိပ်သဘောကျတာ။ ဒါကြောင့်ကြွားစရာရှိရင် အကုန်မခံဘူး။ ထောင့်စေ့အောင်ကြွားပြီးမှ ကိုစားတာ။ ခုနတော့ ဒေါ်မြ မြေးညီညီနဲ့ ချင်းလူမျိုးဦးနိုင်ဘူး သား နိုင်ဘု(နိုင်ကျူ)တို့နှစ်ယောက်ကိုကြွားပြီးပြီ။ ဟို နှစ်ကောင်ကတော့ သူ့ကိုလေးစားအားကျတဲ့ မျက်ဝန်းညိုကြီးတွေ့နဲ့ ဒွဲရှိုးသွားကြတာ။ သူကအဲဒီအကြည့်မျိုး အကြည့်ခံရင်ရင်သိပ်ပျော်တာ။ အခုလည်း အဲဒီကြက်ခြေထောက်ရိုးကို စားမပစ်သေးဘဲ ပွဲသိမ်းကြွားလေးတစ်ယောက်

လောက်အစာပိတ်ကြွားပြီးမှ အားရပါးရစားတော့မယ်လို့ ဆုံးဖြတ်ထားတာ။ ဟုတ်တယ်။ မစားလို့ လည်း မရတော့ ဘူး။ ကြက်ခြေထောက်က သူလျှာနဲ့ သပ်ထားလို့ ဘာအရသာမှ ကို မရှိတော့ဘူး။ အရည်တောင်ပျော် ကျုလုလုဖြစ်နေပြီ။ ဒါကြောင့်သူနောက် ဆုံးပိတ်အိတ်နဲ့ လွယ် ကြွားလို့ ရအောင် မျက်လုံးကို အလျင်အမြန်ကစားလိုက်တယ်။

ဟော. . တွေ့ပြီ. . တွေ့တာမှ ပေ့ါသေးသေးကောင် မဟုတ်ဘူး ။ တကယ့်ကောင်။

"မောင်မောင်. . ."

ကရင်ရဲ့ လက်ရင်းဆရာ မောင်မောင်။

မောင်မောင်က သူ့ကိုမကြည့်ဘူး။ လမ်းလျှောက်လာတာကိုက ဘယ်ဘက်ကိုင်းလိုက် ညာဘက်ကိုင်းလိုက်နဲ့ အေးအေးဆေးဆေး လျှောက်လာတယ်။ မောင်မောင်ကို ကြည့်ပြီးသူခုနကြွားဖို့ ငုံ့ထားတဲ့ ကြက်ခြေထောက်ကိုတောင် ဝါးမိမလိုဖြစ်သွားတယ်။ ဟုတ်တယ်။ ဒါ မောင်မောင် ပစ္စည်း အသစ်အဆန်းတစ်ခုခုရတိုင်း လုပ်တတ်တဲ့ အိုက်တင်။ အသေအချာကြည့်မှ ၊ ဟုတ်တယ်။ သူ့လက်ထဲ တစ်ခုခုပွေ့လာတယ် အဝေးကဆိုတော့ သိပ်သဲကွဲဘူး။ အသီးတစ်ခုခုဖြစ်နိုင်တယ်။ ဝင်းပြောင်ပြီးရဲတောက်နေတာ။ လူနမူနာမင်းမင်းသိချင်ပေမယ့် ဆက်မကြည့်တော့ဘူး။ ဟုတ်တယ်လေ. . .သူ့မှာ လည်း ကြွားစရာ ကြက်ခြေထောက်ရိုး ပိုင်ပိုင်ကြီးရှိနေတာကိုး။

မောင်မောင်ရဲ့ ခြေလှမ်းကလည်း ပြောင်းမသွားဘူး။ သူရှိရာ ကုက္ကိုပင်တည့်တည့်ပဲလှမ်းလာ တယ်။ မောင်မောင်က သူ့ကိုမကြည့်သေးဘူး ။ သူကလည်း မောင်မောင့်ကိုမကြည့်ဘူး။ မောင်မောင် ကုက္ကိုပင်အော

က်ရောက်တာနဲ့ သူ့ခြေမျက်စိထိ ဖုံးနေတဲ့ သူ့ရဲ့ ထာဝရအထိမ်းအမှတ်ဖြစ်တဲ့ လူကြီး မြင်းခေါင်းစွပ်ကျယ်ကို ပခုံးပေါ်ဆွဲတင်ရင်း. . .

"ဟူး . . .ရာသီဥတုက ပူတယ်လို့ ပဲဆိုရမှာ ပဲ . . ."

မင်းမင်းက သူ့ကိုမကြည့်ဘဲ ကြက်ရိုးကိုသာဆက်မြဲ့နေသည် ။

"ဒီလို ပူပြင်းတဲ့ ရာသီဥတုမှာ ရေခဲစိမ်ပန်းသီးလေးစားလိုက်ရရင်သိပ်အေးတာပဲလို့ မင်းတို့ အဖေအရက်သမားအရက်မူးတုန်းပြောတာငါကြားဖူးတယ်. . ."

ဆိုပြီးမင်းမင်းကိုမကြည့်ဘဲ သူ့လက်ထဲကိုင်လာတဲ့ အသီးကို ဆကြည့်လိုက်သည် ။ ဟုတ် တယ်. . .မောင်မောင့်လက်ထဲက မှ ည့်ဝင်းနေတဲ့ ပန်းသီးကြီး။ မင်းမင်းပန်းသီးကြီးကိုကြည့်ပြီး သူငုံထားတဲ့ ကြက်ရိုးကြီးကိုတောင် ပန်းသီးအမှတ်နဲ့ ဂလုခနဲမျိုချမိမတတ်ဖြစ်သွားတယ်။ ဒါပေမဲ့ သိတယ်မဟုတ်လား၊ မောင်မောင့်ကို ဂရုမစိုက်သလို ဟန်မျိုးနဲ့ ချက်ချင်းမှ င်ပြန်သိတ်ပြီး . . .

"ငါတို့ အိမ်မှာ ကြက်သားချက်တယ်ကွ. . .အိနေတာပဲ. . ."

သူ့ပါးစပ်ထဲငုံထားတဲ့ ကြက်ခြေထောက်ရိုးကို ခြေထောက်ကကိုက်ပြီး ခြေထောက်ငါးချောင်း ထုတ်ပြတယ်။ ဒါ သူလုပ်နေကျ အပြုအမူ။ သူ့ရဲ့ ပွဲသိမ်းတိုက်ကွက်။ သူ့စကားကိုမောင်မောင်က ဂရုမစိုက်သလိုဟန်မျိုးနှင့် ပါးစပ်ကိုအကျယ်ကြီးဟပြီးပန်းသီးကို'ဂွပ်'ခနဲကိုက်ချလိုက်တယ်။ ပါးစပ်သာအကျယ်ကြီးဟတာ။ ကိုက်လိုက်တာက သေးသေးကလေးရယ်။ နောက်. . .ပန်းသီးကိုမြဲ့၊ မျက်လုံးကလေးစင်းပြီး. . .

"တောက်. . .ရင်ကိုအေးသွားတာပဲဗျာ. . .အေးလေရှမ်းပြည်နယ်က လာတဲ့ ပန်းသီးကို၊ ဟိုနားဒီနားပေါပေါ လောလောရတတ်တဲ့ မွန်ကြက် တွေထက်တော့ သာကိုသာနေတော့တာပဲ. . ."

မောင်မောင့်ကိုကြည့်ပြီး မင်းမင်းငုံထားတဲ့ ကြက်ရိုးနင်မတတ် ဖြစ် သွားတယ်။ ဒါကြောင့် ကြက်ခြေထောက်မှာ ရှိတဲ့ အသားတွေ ကိုခွာစားပြီး ခါတိုင်း စိမ်ပြေနပြေဝါးနေကျအရိုးကို မဝါးတော့ဘဲ ခပ် ဝေးဝေး ထွေးထုတ်လိုက်တယ်။ နောက်. . .လျှာကိုသပ်ပြီး မောင်မောင့် ကို လေးစားအားကျတဲ့ မျက်လုံးမျိုးနဲ့ ကြည့်တယ်။ မောင်မောင်ကတော့ ဟန်မပျက်ဘဲ နှာခေါင်းအပြင်ဘက်တွဲကျလာတဲ့ နှပ်ကို ရှူးခနဲရှူသွင်းရ င်း. . .

"ပန်းသီးဆိုတဲ့ အရသာဟာ ဘာငှက်ပျောသီးအရသာနဲ့ မှ မတူဘူး ကွ. . .စားလိုက်ရင်ချို. .မျိုလိုက်ရင်အေးသွားတာပဲ. . .သွားကိုလည်း ပိုး စားစေတယ်. . .ဗိုက်ကိုလည်း ရွဲစေတယ်. . ."

မောင်မောင့်ခန္ဓာကိုယ်ထက် အနည်းငယ်ရှေ့ရောက်နေတဲ့ သူ့ ဗိုက် ကိုပုတ်ပြရင်းပြောတယ်. . .နောက် . . .မင်းမင်းကိုစောင်းငဲ့ကြည့် ရင်း. . .
.

"ငါသာဆိုဒီပန်းသီးမျိုးကို ဘယ်ငှက်ပျောသီးနဲ့ မှ မလဲနိုင်ပါဘူးကွာ.
. ."

ဆိုပြီးပန်းသီးကို ဂွမ်းခနဲ ကိုက်ချလိုက်တယ်။ မောင်မောင့်ကို ကြည့်ပြီး မင်းမင်းခေါင်းထောင် တက်သွားတယ်။ ပန်းသီးစားချင်စိတ်နဲ့ မျက်လုံးတွေက အရောင်တောက်လာတယ်။ ဒါကြောင့်ဟန် မဆောင်နို င်ဘဲ. . .

"ငှက်ပျောသီးတစ်ခိုင်လောက်နဲ့ ဆိုရင်တော့ ပန်းသီးတစ်လုံးလဲသင့်

ပါတယ်ကွာ. . .”

“ဘာလဲ. .မင်းမှာ ခူးပြီးနှပ်ပြီးတဲ့ ငှက်ပျောသီးတစ်ခိုင်ရှိတယ် ဆိုပါတော့. . . ”

မောင်မောင်က မသိသလိုနဲ့ အစ်မေးမေးတယ်။ မင်းမင်းက ဟန်မဆောင်နိုင်ဘဲ. . .

“အစစ်ပေါ့ကွ. . .အစစ်ပေါ့. . .”

မင်းမင်းစကားကြောင့် မောင်မောင်ပန်းသီးကို ကိုက်ဖို့ ပါးစပ်အကျယ်ကြီးဟထားပြီးမှ ပန်းသီးကို မကိုက်ဘဲ သူ့လျှာကြမ်းကြီးနှင့်’ပလပ်’ ဆို လှမ်းလျက်လိုက်တယ်။ ပြီးတော့ သူ့လက်ထဲ ကပန်းသီးကို ကိုက်ထားပြီးသားဘက်ကနေ မင်းမင်းမျက်နှာရှေ့ဖြည်းဖြည်းလေး ထိုးပေးလိုက် တယ်။ ပန်းသီးကို အနီးကပ်မြင်တော့ မင်းမင်းတံတွေးကို ‘ဂလု’ခနဲ မျိုချလိုက်တယ်။ ပြီးတော့ ပန်းသီးကို ကိုက်ဖို့ ပါးစပ်အကျယ်ကြီး ဟတယ်။ ဒါကို မောင်မောင်က ပန်းသီးကိုနောက်ဆုတ်လိုက်ပြီး. . .



“အကိုက်ပတေးလေး(သေးသေးလေး)ပဲကိုက်ရမယ်. . .”

သူစကားကို မင်းမင်းက စားချင်ဇောနဲ့ ခေါင်းကိုခပ်မြန်မြန်ညိတ်တယ်. . .ဒါကိုမောင်မောင်က ပန်းသီးကို ပါးစပ်နားတေ့ ပေးပြီးမှ ရုတ်တရက်လက်ပြန်ရုပ်ပြီး. . .

“ငှက်ပျောသီး ဘယ်မှာ ရှိလဲဆိုတာ အရင်ပြော. . .”

မောင်မောင့်အမေးကို မင်းမင်းကတံတွေးမျိုပြီး. . .

“မြင်းမိုရ်တောင်ခြေရင်းမှာ . . .”

“မြင်းမိုရ်တောင်ကအကျယ်ကြီး ဘယ်ခြေရင်းလဲရှင်းရှင်းပြော. . . ”

“မြင်းမိုရ်တောင် အနောက်ဘက် နာနတ်တောမှာ . . .”

“ဘယ်နာနတ်တောလဲ. . .”

“ဦးလေးဂေါ်ဇီလာရဲ့ နာနတ်မြောင်းသုံးမြောင်းမြောက်အလယ်လောက်မှာ . . .”

ဒီတော့မှ မောင်မောင်က ကျေနပ်သွားသလိုရှိပြီး ပန်းသီးကို မင်းမင်းဘက် ထိုးပေးလိုက်သည် ။

“ပတေလေးပဲကိုက်နော်. . .”

“ဂွပ်. . .”

ပြောတာက နောက်ကျဦးမယ်၊ မင်းမင်းက ပန်းသီးကိုလှမ်းကိုက်လိုက်တာ မောင်မောင်လက် ညှိုးပါ ကိုက်မိမတတ်ပဲ။ ပန်းသီးက ထက်ဝက်လောက် မင်းမင်းပါးစပ်ထဲပါသွားတယ်။ ပြီးတော့ ပန်းသီးကို ပလုတ်ပလောင်းဝါးပြီး. . .

“ငါပြောတယ်လို့ မင်းဘယ်သူ့ကိုမှ မပြောနဲ့ နော်. . .မင်းကိုယ်မင်းတောင်မပြောမိစေနဲ့ . . .” မောင်မောင်က လူကြီးပြုံးပြုံးလိုက်တယ်။

“ငါ့အမေငါ့ကိုမွေးတာတောင် ငါက ငါ့အဖေကို အကြောင်းကြားခဲ့တာ မဟုတ်ဘူး . . .”

မင်းမင်းကျေနပ်သွားတယ်။ မောင်မောင်က ကရင့်ဆရာလို့ မပြောရဘူး။ နှုတ်သိပ်လုံတာ။

ဒီလိုနဲ့ အဲဒီငှက်ပျောသီးဟာ. . .

*